ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

တရားမပုံစံအမှတ် - ၆၂ ။

ဟင်္သာတခရိုင်တရားရုံး

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးစိန်ဝင်း | နှင့် | ၁။ ဦးမောင်မောင်မြင့် |
| | | ၂။ ဒေါ်ခိုင်ခိုင်ဝင်း |
| ( တရားလို ) | | ( တရားပြိုင်များ ) |

| | | |
|---|---|---|
| တရားလိုအတွက် | - | ဦးစိုးပိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်များအတွက် | - | ဦးမြင့်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ |

## မတ်ပဲအိတ်(၁၀၅၀)အိတ်၏တန်ဘိုးသင့်ငွေ ၆၃၆၆၀၀၃၇/-ရလိုမှု

## စီ ရင် ချက်

အမှုမှာ ဟင်္သာတမြို့၊ ရုံးကြီးရပ်ကွက်၊ ဗိုလ်စောမောင်လမ်း၊ အမှတ်(၅၃)နေဦးစိန်ဝင်းမှ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးဝိစာရလမ်းအမှတ်(၄/၅)နေ ဦးမောင်မောင်မြင့်၊ ဒေါ်ခိုင်ခိုင်ဝင်းတို့အပေါ် မတ်ပဲအိတ်(၁၀၅၀)အိတ်၏တန်ဘိုးသင့်ငွေ ၆၃၆၆၀၉၃၇/- ရလိုမှု၊ တရားမကြီးမှုအမှတ် ၂၂/၂၀၁၆ ဖြင့်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

တရားလို၏အဆိုလွှာအရ တရားလိုနှင့်တရားပြိုင်တို့မှာ ခင်မင်ရင်းနှီးကြသူများဖြစ်ကြကြောင်း၊ တရားပြိုင်များမှာ စိန်ပဲမျိုးစုံရောင်းဝယ်ရေးကိုလုပ်ကိုင်၍ တရားလိုနှင့်ပွဲအရောင်းအဝယ်လုပ်ကိုင်ခဲ့ကြကြောင်း၊ တရားပြိုင်များထံတွင်တရားလိုမှ(၄-၁၁-၂၀၁၄)ရက်နေ့တွင်မတ်ပဲအိတ်(၅၀၀)ကိုတစ်တင်းလျှင်(၁၉၅၀၀)ကျပ်ဈေးဖြင့် ၁၄၅၆၄၀၆၂/-အားလည်းကောင်း၊ (၂၆-၁၁-၂၀၁၄)ရက်နေ့တွင်မတ်ပဲအိတ်(၃၀၀)ကိုတစ်တင်းလျှင်(၂၀၀၀၀/-)ကျပ်ဈေးဖြင့် (၉၀၀၀၀၀၀/-)လည်းကောင်း၊ လုပ်သားခ ၁၂၀၀၀/-ကိုလည်းကောင်း၊(၅-၁-၂၀၁၅)ရက်နေ့တွင်မတ်ပဲ(၂၅၀)အိတ်အားတစ်တင်းလျှင်(၂၃၀၀၀/-)ဖြင့်(၈၆၂၅၀၀၀/-)ကိုလည်းကောင်းဝယ်ယူခဲ့ပြီး၊ တရားပြိုင်များမှမတ်ပဲအိတ်(၁၀၅၀)အိတ်ကို(၃၁-၃-၂၀၁၅)နေ့တွင်ပေးအပ်ရန်ကတိပြုခဲ့ကြောင်း၊ (၃၁-၃-၂၀၁၅)နေ့တွင်မတ်ပဲပေးအပ်ခြင်းမရှိ၍ ၂၀၁၅ ခုနှစ်(၅)လပိုင်းတွင်မတ်ပဲတစ်တင်းလျှင် ၄၀၅၀၀/-ဈေးဖြတ်ခဲ့ပြီး နှစ်ဖက်တန်ဘိုးသင့်ဈေးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကြောင့် တရားလိုမှတရားပြိုင်များထံမှ မတ်ပဲအိတ်(၁၀၅၀)အိတ်ဘိုး ၆၃၆၆၀၉၃၇/-ရရန်ရှိခဲ့ကြောင်း အကြိမ်ကြိမ်တောင်းခံသော်လည်းပေးဆပ်ခြင်းမရှိ၍ ၂၀၁၆ ခုနှစ်(၁)လပိုင်းတွင်ဟင်္သာတကုန်စည်ဒိုင်သို့ တိုင်တန်း၍ပဲဘိုးငွေများကိုတောင်းခံမည်ဖြစ်ကြောင်းပြောဆိုရာ (၁)တရားပြိုင်မှကုန်စည်ဒိုင်သို့မတိုင်ကြားရန်နှင့်တရားလိုသို့ပေးဆပ်ရန်ရှိနေသောမတ်ပဲဘိုးငွေများကိုပြေလည်အောင်ရှင်းပေးမည်ဟုပြောခဲ့ကြောင်း၊ ထို့နောက်တရားပြိုင်များမှပေးဆပ်ခြင်းမရှိသဖြင့် တရားလိုမှမိမိရှေ့နေမှတဆင့်(၄-၇-၂၀၁၆)ရက်နေ့တွင် မတ်ပဲဘိုးငွေ ၆၃၆၆၀၉၃၇/-အားပေးဆပ်ရန် အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ တရားပြိုင်များမှ၎င်း၏ရှေ့နေမှတဆင့်(၈-၇-၂၀၁၆)ရက်နေ့တွင် မတ်ပဲဘိုးငွေ ၆၃၆၆၀၉၃၇/-အားပေးဆပ်ရန်တာဝန်မရှိကြောင်း အကြောင်းပြန်ကြားခဲ့၍ တရားလိုမှယခုအမှုအား တရားစွဲဆိုရကြောင်း အဆိုပြုခဲ့သည်။

( [illegible] )
ခရိုင်တရားသူကြီး
ဟင်္သာတခရိုင်တရားရုံး

တရားပြိုင်များမှချေပလွှာတင်သွင်းခဲ့သည်မှာ တရားလိုသည် တရားပြိုင်များပွဲရုံမှ(၄-၁၁-၂၀၁၄) နေ့တွင် မတ်ပဲအိတ်(၅၀၀)အားတစ်တင်းလျှင် ၁၉၅၀၀ိ/-နှုန်းဖြင့် ၁၄၅၆၄၀၆၅ိ/- ကြိုပေးကာကြိုပွိုင့်ဝယ်ယူခဲ့ကြောင်း၊ အမှန်ပေါက်ဈေးမှာတစ်တင်းလျှင် ၂၈၅၀၀ိ/-ဖြစ်ကြောင်း၊(၂၆-၁၁-၂၀၁၄)နေ့တွင် ပဲအိတ်(၃၀၀)အားတစ်တင်းလျှင် ၂၀၀၀၀ိ/-နှုန်းဖြင့်သင့်ငွေ ၉၀၀၀၀၀၀ိ/-ဖြစ်ကြောင်း၊ အမှန်ပေါက်ဈေးမှာ ၂၇၀၀၀ိ/-ဖြစ်ကြောင်း၊ (၅-၁-၂၀၁၅)နေ့တွင်မတ်ပဲအိတ်(၂၅၀)အား တစ်တင်းလျှင် ၂၃၀၀၀ိ/-နှုန်းဖြင့် ၁၈၆၂၅၀၀၀ိ/- ကြိုပွိုင့်ဝယ်ယူခဲ့ကြောင်း၊ အမှန်ပေါက်ဈေးမှာ ၂၉၀၀၀ိ/-ဖြစ်ကြောင်း၊ မတ်ပဲအိတ်(၁၀၅၀)အိတ်စုစုပေါင်းတန်ဘိုး ၃၂၁၈၉၀၆၅ိ/- ဖြစ်ကြောင်း၊ မတ်ပဲပေါ်သည့်(၃၀-၃-၂၀၁၅) တွင်ပေးရန်ဖြစ်ကြောင်း၊ တရားလိုမှကြိုပွိုင့်ပင်ထောင်ပဲစနစ်ဖြင့်ဝယ်ယူခြင်းဖြစ်ရာ တရားပြိုင်များက တောရွာရှိတောင်သူများထံတွင်ပဲပေးပေး၍ကြိုတင်ဝယ်ယူစုဆောင်းခဲ့ရာ တောင်သူများကသီးနှံအထွက်မကောင်းခြင်း၊ ပဲများမထွက်ရှိ၍ ၃၀-၃-၂၀၁၅ ရက်နေ့တွင်ပဲမအပ်နိုင်ခြင်းဖြစ်ကြောင်း၊ တရားပြိုင်များမှ နှစ်ဖက်သဘောတူ၍မတ်ပဲတစ်တင်းလျှင် ၄၀၅၀၀ိ/-နှုန်းဖြင့်ဈေးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ အဆိုလွှာ အဆိုပြုချက်(၂)ပါအရ ၃၂၁၈၉၀၆၅ိ/-ဖြစ်ကြောင်း၊ တရားလိုတောင်းခံသည့် ၆၃၆၆၀၉၃၇ိ/- မဟုတ်ပါကြောင်း၊ တရားလိုအပါအဝင်ပဲဘိုးပေးရန်ရှိသူများအား ဟသ်ာတကုန်စည်ဒိုင်သို့တင်ပြခဲ့ကြောင်း၊ ဟသ်ာတကုန်စည်ဒိုင်တွင်တရားပြိုင်များပိုင်နေအိမ်ခြံမြေအားရောင်းချပြီးခွဲဝေယူရန် အပ်နှံထားပါကြောင်း၊ တရားလိုမှလက်မခံ၍ကုန်းစည်ဒိုင်မှဖြေရှင်းမပေးခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်တို့မှမိမိနေအိမ်ခြံမြေအားရောင်းချ၍ခွဲဝေယူရန်ကုန်စည်ဒိုင်တွင်တင်ပြခဲ့သော်လည်း တရားလိုမှလက်မခံခဲ့ခြင်းဖြစ်ကြောင်း တရားလိုတောင်းခံသည့်မတ်ပဲအိတ်(၁၀၅၀)အိတ်ဘိုးငွေ ၆၃၆၆၀၉၃၇ိ/-အားတောင်းခံခြင်းအား တရားပြိုင်များမှ ၈-၇-၂၀၁၆ ရက်စွဲဖြင့်ပေးရန်တာဝန်မရှိကြောင်း အကြောင်းပြန်ကြားခဲ့ပြီးဖြစ်ကြောင်း၊ မတ်ပဲအိတ်(၁၀၅၀) အိတ်တန်ဘိုးငွေ ၃၂၁၈၉၀၆၅ိ/-သာပေးရန်ရှိ၍ ၆၃၆၆၀၉၃၇ိ/-အားပေးရန်တာဝန်မရှိကြောင်း ချေပခဲ့သည်။

တရားလို၊ တရားပြိုင်များ၏အဆို၊ အချေတို့အရငြင်းချက်(၂)ရပ်ထုတ်နုတ်ခဲ့သည်။ ယင်းငြင်းချက်များမှာ

(၁) တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်သော ဦးမောင်မောင်မြင့်၊ ဒေါ်ခိုင်ခိုင်ဝင်းတို့မှ မတ်ပဲ (၁၀၅၀)အိတ်တန်ဘိုးသင့်ငွေ ၆၃၆၆၀၉၃၇ိ/-အား ရရန်ရှိသည်မှာ မှန်သလား။

(သို့မဟုတ်)

တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်သော ဦးမောင်မောင်မြင့်နှင့်ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ မတ်ပဲ(၁၀၅၀)အိတ်၏တန်ဘိုးသင့်ငွေ ၃၂၁၈၉၀၆၅ိ/-ကိုသာရရန်ရှိသည်မှာ မှန်သလား။

(၂) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်သနည်း။

တရားလိုဘက်မှစတင်စစ်ဆေးမည်။

အဆိုပါငြင်းချက်များအားထုတ်နုတ်ပြီးနောက် နှစ်ဖက်သက်သေများအားစစ်ဆေးခဲ့ရာ တရားလိုမှ အဆိုလွှာပါအတိုင်းထွက်ဆိုခဲ့သည်။တရားလိုမှတရားပြိုင်များနှင့်လွန်ခဲ့သော ၄/၅ နှစ်ကပင်မတ်ပဲအရောင်းအဝယ်ဆက်သွယ်လုပ်ကိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မတ်ပဲအိတ် ၅၀၀ ကို တစ်တင်းလျှင် ၁၉၅၀၀ိ/-ဈေးနှုန်းဖြင့်ကြိုပွိုင့်ဝယ်ယူခဲ့ကြောင်း၊ မတ်ပဲအိတ် ၅၀၀ အတွက် ၁၄၅၆၄၀၆/-ကျပ်ကိုလည်းကောင်း၊ (၂၆-၁၁-၂၀၁၄)နေ့တွင် မတ်ပဲအိတ် ၃၀၀အတွက်တစ်တင်းလျှင် ၂၀၀၀၀ိ/-ဈေးနှုန်းမြင့်ငွေ ၉၀၀၀၀၀၀ိ/-လုပ်သားခ ၁၂၀၀ိ/-ကိုလည်းကောင်း၊(၅-၁-၂၀၁၅)ရက်နေ့တွင်မတ်ပဲအိတ်(၂၅၀)အတွက် တစ်တင်းလျှင် ၂၃၀၀၀ိ/-ဈေးနှုန်းဖြင့် ၁၆၂၅၀၀၀ိ/-ကိုလည်းကောင်းပေးချေ၍ မတ်ပဲအိတ်(၁၀၅၀)အိတ်ကြိုပွိုင့်ဝယ်ယူခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်(၃)လပိုင်းကုန်းတွင်မတ်ပဲအိတ်များပေးရန်မှတ်ချက်ရေးပြီး တရားပြိုင်များကပြေစာရေးသားပေးခဲ့ပြီး၊ ၄-၁၁-၂၀၁၄ ရက်နေ့နှင့် ၂၆-၁၁-၂၀၁၄ ရက်နေ့ပြေစာပေါ်ရှိလက်မှတ်မှာ တရားပြိုင်ဒေါ်ခိုင်ခိုင်ဝင်းလက်မှတ်ဖြစ်ကြောင်း၊ ၅-၁-၂၀၁၅ ရက်စွဲပါပြေစာပေါ်တွင် တရားပြိုင် ဦးမောင်မောင်မြင့်မှ

တာဝန်ခံမိတ္တူမှန်

14.6.18
(ကျော်ထက်ပိုးဦး)
အခွန်ရုံးအရာရှိ
ဟသ်ာတခရိုင်တရားရုံး

ရေးကူးသူ
အကြီးတန်းစာရေး
ဟသ်ာတခရိုင်တရားရုံး

(တင်ကြူကြူဝင်း)
ခရိုင်တရားသူကြီး
ဟသ်ာတခရိုင်တရားရုံး

လက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း၊ ယင်းပြေစာများကိုသက်သေခံ(က)(က-၁)(က-၂)အရတင်ပြပါကြောင်း၊ ၃၁-၃-၂၀၁၅ ရက်နေ့တွင်မတ်ပဲများအပြီးပေးအပ်ရန်ဖြစ်သော်လည်း ပဲမအပ်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်(၅)လပိုင်းကုန်းတွင် တရားလိုနှင့်တရားပြိုင်တို့ နှစ်ဖက်ဈေးဖြတ်ခဲ့ရာ တစ်တင်းလျှင် ၄၀၅၀ဝိ/- ဈေးနှုန်းဖြင့်မတ်ပဲအိတ် ၅၀၀ အတွက် ၆၃၆၆၀၉၃၇ိ/-ပေးရန်၊ ရရန်ဖြစ်ကြောင်း၊ ဈေးဖြတ်ပြီးနောက် တရားပြိုင်များမှတစ်ပတ်စောင့်ရန်ပြောပြီး တစ်ပတ်ကြာသည့်အခါတွင်လည်းမတ်ပဲဘိုးငွေများမပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်ကုန်သည့်အထိမပေးခဲ့ကြောင်း၊ တရားပြိုင်များမှ၄င်းတို့နေအိမ်ခြံမြေကိုရောင်း၍ ပေးမည်ဖြစ်ကြောင်းပြောပြီး ဟသ်ာတကုန်စည်ဒိုင်သို့တိုင်ကြားခြင်းမပြုရန်ပြောခဲ့ကြောင်း၊ ထို့ကြောင့် တရားလိုမှဟသ်ာတကုန်စည်ဒိုင်သို့တိုင်ကြားခြင်းမရှိခဲ့ကြောင်း၊ ယခင်ကပင်ရင်းနှီးသူများဖြစ်၍မတိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့နောက်ပိုင်(၁)တရားပြိုင်မှကုန်စည်ဒိုင်သို့စာရင်းအမှားတင်ပြခဲ့၍ စာရင်းမှန်(၁၀၅၀)အိတ် တင်ပြရန်ပြောခဲ့ကြောင်း၊ မတ်ပဲအိတ်(၁၀၅၀)အိတ်ဘိုးငွေ ၆၃၆၆၀၉၃၇ိ/-ကိုပေးပါမည်ဟု(၁)တရားပြိုင်မှ ကတိပေးခဲ့ကြောင်း၊ ကုန်စည်ဒိုင်သို့တင်ပြသည့်စာရင်းစာရွက်(၄)ရွက်အားသက်သေခံ(ခ)အရတင်သွင်းပါ ကြောင်း၊ ၂၀၁၆ ခုနှစ်အထိပေးဆပ်ခြင်းမရှိ၍ ရှေ့နေမှတဆင့်(၄-၇-၂၀၁၆)နေ့စွဲဖြင့်မတ်ပဲဘိုးငွေ ၆၃၆၆၀၉၃၇ိ/-ပေးဆပ်ရန်အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ ၄င်းအကြောင်းကြားစာအားသက်သေခံ(ဂ) အရတင်သွင်းပါကြောင်း၊ တရားပြိုင်များမှမတ်ပဲဘိုးငွေ ၆၃၆၆၀၉၃၇ိ/-အားပေးဆပ်ရန်တာဝန်မရှိကြောင်း ၄င်းတို့ရှေ့နေမှပြန်ကြားခဲ့၍ယင်းပြန်ကြားစာ(၈-၇-၂၀၁၆)ရက်စွဲပါစာအားသက်သေခံ(ဃ)အရတင်သွင်း ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်(၅)လပိုင်းခန့်က ပဲတစ်တင်းလျှင် ၄၀၅၀ဝိ/-နှုန်းဖြင့်ဈေးဖြတ်ခဲ့သော်လည်း ၄၀၀၀ဝိ/-၊ ၄၁၃၀ဝိ/-၊ ၄၁၄၀ဝိ/-၊ ၃၃၉၀ဝိ/-ဈေးတို့ဖြစ်ခဲ့ပါကြောင်း၊ တရားပြိုင်များမှမတ်ပဲဘိုးငွေ ၆၃၆၆၀၉၃၇ိ/-အားပြန်လည်ပေးဆပ်ခြင်းမပြု၍ တရားစွဲဆိုရပါကြောင်းထွက်ဆိုတင်ပြသည်။

(လိုပြ-၁)ဦးမောင်မောင်ထွေးမှ တရားလိုတရားပြိုင်တို့ကိုသိရှိကြောင်း၊ ၂၀၁၅ ခုနှစ်၊အောက်တိုဘာ လခန့်ကတရားပြိုင်များမှပေးရန်ရှိသော မတ်ပဲ(၁၀၅၀)အိတ်အတွက်တစ်တင်းလျှင် ၄၀၅၀ဝိ/-နှုန်း ဖြတ်သည်ကိုသိရှိကြောင်း၊နှစ်ဖက်ဈေးဖြတ်သည့်မတ်ပဲဘိုးငွေကို ဦးမောင်မောင်မြင့်မှတစ်ဖြေးဖြေး စောင့်ယူရန်ပြော သည်ကိုသိရှိကြောင်း၊ မတ်ပဲဘိုးငွေများမပေး၍တရားလိုကတရားစွဲသည်ကိုသိရှိကြောင်း၊ ဈေးဖြတ်သော ပြေစာထွက်မလာခြင်းမှာယုံကြည်၍ထွက်မလာခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

(လိုပြ-၂)ဦးအောင်ဆန်းမှာ ဟသ်ာတကုန်စည်ဒိုင်နာယကဖြစ်ကြောင်း၊ တရားလိုဦးစိန်ဝင်းက မတ်ပဲအိတ် ၁၀၅၀ အိတ်နှင့်ကြွေးသိန်း ၁၂၀ ရရန်ရှိကြောင်းစာရင်းကို ၁-၂-၂၀၁၆ ရက်နေ့တွင်တင်ပြ ခဲ့ကြောင်း၊ မတ်ပဲစာရင်းမှန်ကန်မှုရှိမရှိ တရားပြိုင်ဦးမောင်မောင်မြင့်အားမေးမြန်းရာမှန်ကန်ကြောင်း ပြောခဲ့ကြောင်း၊ တရားပြိုင်များက၄င်းတို့အိမ်ခြံမြေအားကုန်စည်ဒိုင်အားပေးအပ်၍ တရားပြိုင်များကပေး ရန်နှင့်ရရန်ရှိသူများအား အချိုးကျခွဲဝေပေးရန်ပြောသော်လည်း တရားလိုကတရားပြိုင်များအပေါ် တရားစွဲဆိုခဲ့ကြောင်း ထွက်ဆိုသည်။

(လိုပြ-၃)ဦးရန်ဆွေဝင်းမှာ ကုန်စည်ဒိုင်စာရေးဖြစ်ကြောင်း တရားလို၊ တရားပြိုင်တို့ကိုသိရှိကြောင်း၊ ၁၅-၂-၂၀၁၆ ရက်စွဲပါတရားပြိုင်များ၏ကုန်စည်ဒိုင်သို့တင်ပြချက်အရ တရားလိုအားမတ်ပဲအိတ်(၁၀၅၀) အိတ်ပေးရန်ရှိကြောင်း၊ ချေးငွေစာရင်းတွင် တရားလိုမှတရားပြိုင်ထံမှသိန်း ၁၂၀ ရရန်ရှိကြောင်း၊ ၂၂-၇-၂၀၁၅ ပေါက်ဈေးအရ ၄၃၀၀ဝိ/-ဖြစ်ပြီး၊ ၃၁-၅-၂၀၁၅ ပေါက်ဈေးအရ ၄၁၃၀ဝိ/-၊ ၄၁၄၀ဝိ/- ရှိကြောင်း၊ ကုန်စည်ဒိုင်မှတရားလို၊ တရားပြိုင်တို့အားနှစ်ဖက်ညှိနှိုင်းကြရန်ပြောခဲ့ကြောင်း၊ တရားလိုမှ မတ်ပဲအိတ်ဘိုးငွေများမရ၍ တရားစွဲဆိုသည်ကိုသိရှိကြောင်း ထွက်ဆိုသည်။

(လိုပြ-၄)ဦးသိန်းမြင့်မှာ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူဖြစ်ကြောင်း တရားလိုနှင့်မတ်ပဲအရောင်းအဝယ် ပြုလုပ်ဘူးကြောင်း၊ ကုန်စည်ဒိုင်၏ပဲဈေးနှုန်းအရဈေးအတက်အကျရှိကြောင်း၊ ၃၁-၅-၂၀၁၅ ရက်စွဲပါ ပြေစာပေါ်ရှိမိမိပွဲရုံအမည်ဖြင့် ပြေစာမူရင်းမှာ ဦးမောင်မောင်မြင့်အားမတ်ပဲရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းမှာတစ်တင်းလျှင် ၄၁၀၀ဝိ/-ဖြစ်၍ယင်းပြေစာကိုသက်သေခံ(ဆ)အဖြစ်တင်သွင်းခဲ့သည်။

(ထက်ထက်မိုးဥ)
အခွင့်ရအာရုံ
ဟသ်ာတခရိုင်တရားရုံး

ရေးကူးသူ

အကြီးတန်းစာရေး
ဟသ်ာတခရိုင်တရားရုံး

ဟသ်ာတခရိုင်တရားရုံး

တရားပြိုင်ဦးမောင်မောင်မြင့်မှ လွန်ခဲ့သော(၁၀)နှစ်ခန့်ကပင် တရားလိုဦးစိန်ဝင်းအားသိရှိခဲ့ပြီး မိမိပွဲရုံတွင်မတ်ပဲ(ပင်ထောင်)ကြိုပွိုင့်စနစ်ဖြင့်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ကြိုပွိုင့်စနစ်အရ မတ်ပဲပေးရန် မလိုသလို၊ ပွဲရုံတွင်လည်းမတ်ပဲမရှိကြောင်း၊ မိမိတို့မှတောင်သူများထံကြိုငွေထုတ်ပေးပြီးမတ်ပဲကြိုတင်ဝယ်ယူခဲ့ရကြောင်း၊ တောင်သူများထံမှမတ်ပဲရမှတရားလိုအားအကြောင်းကြားပြီးပြန်လည်အရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ၄-၁၁-၂၀၁၄ တွင်မတ်ပဲအိတ် ၃၀၀ ကိုထိုကာလပေါက်ဈေး ၂၀၅၀၀ိ/-ဖြင့်ရောင်းချခဲ့ပြီး မတ်ပဲအိတ် ၅၀၀ ကို ၁၉၅၀၀ိ/-ဈေးဖြင့်ဝယ်ယူခဲ့ကြောင်း၊ ၂၆-၁၁-၂၀၁၄ ရက်နေ့တွင်မတ်ပဲအိတ် ၃၀၀ ကို ၂၀၀၀၀ိ/-ဈေးဖြတ်၍ဝယ်ယူခဲ့ကြောင်း၊ ထိုနေ့ကအမှန်ဈေးမှာ ၂၀၅၀၀ိ/-ဖြစ်ကြောင်း ၅-၁-၂၀၁၅ ရက်နေ့တွင် မတ်ပဲအိတ် ၂၅၀ ကိုတစ်တင်းလျှင် ၂၃၀၀၀ိ/-ဈေးဖြင့်ဝယ်ယူပေးချေခဲ့ကြောင်း၊ ထိုနေ့က အမှန်ဈေးမှာ ၂၉၀၀၀ိ/-ဖြစ်ကြောင်း၊ (၃)လပိုင်းကုန်တွင်မတ်ပဲအိတ်(၁၀၅၀)အိတ်ပေးရန်သဘောတူခဲ့ကြောင်း၊ ထိုမတ်ပဲဘိုးများကိုကျေးလက်ဒေသရှိတောင်သူများထံငွေကြိုပေးချေဝယ်ယူခဲ့ကြောင်း တောပွဲစားများထံမှတဆင့်ဝယ်ယူရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ပဲအထွက်ဆိုးခြင်းတို့ဖြစ်ပေါ်၍တောင်သူများမှမိမိထံပဲမအပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်ဦးစိန်ဝင်းအပါအဝင်အခြားသူများကိုလည်းပဲမအပ်နိုင်တော့ကြောင်း၊ တရားလိုကလည်းလာရောက်တောင်းခံခဲ့ခြင်းမရှိကြောင်း၊ မိမိတို့မှမတ်ပဲတစ်တင်းလျှင် ၄၀၅၀၀ိ/-ဈေးနှုန်းဖြင့်ဈေးဖြတ်ပေးခဲ့ခြင်းလည်းမရှိကြောင်း၊ တရားလိုကိုမတ်ပဲများကိုကာလပေါက်ဈေးဖြင့်ပြန်ပေးမည်ဟုစောင့်ခိုင်းခြင်း၊ ညှိနှိုင်းခဲ့ခြင်းမျိုးမရှိပါကြောင်း၊ ပဲအရောင်းအဝယ်လုပ်ငန်းမှာအရှုံးပေါ်ခြင်း၊ ရောင်းမှားဝယ်မှားဖြစ်ခြင်း၊ တောရွာများတွင်ကြိုတင်ဝယ်ယူထားသောမတ်ပဲများကိုရောင်းသူများထံမှ ပဲများ၊ ငွေများပြန်လည်တောင်းခံ၍မရရှိတော့သဖြင့်လုပ်ငန်းလုပ်ကိုင်ရန်အခက်အခဲများရှိ၍ တရားလိုအပါအဝင် ပေးရန်ရှိသူများစာရင်းကို ၂၀၁၆ ခုနှစ်၊ (၁)လပိုင်းတွင်ဟသ်ာတကုန်စည်ဒိုင်အဖွဲ့သို့စာရင်းတင်ပြခဲ့ကြောင်း၊ ထိုစာရင်းတွင်တရားလို၏မတ်ပဲအိတ်(၁၀၅၀)အိတ်နှင့်ပတ်သက်၍ မတ်ပဲအိတ်(၁၀၅၀)အိတ်သာစာရင်းတင်ပေးပြီး မည်သည့်ဈေးနှုန်းဖြင့်ဈေးဖြတ်ပေးခဲ့ခြင်းမျိုးမရှိပါကြောင်း၊ တရားလိုတောင်းဆိုသည့် ၄၀၅၀၀ိ/-ဈေးနှုန်းဖြင့်ဈေးဖြတ်ပေးခဲ့ခြင်းမျိုးမရှိခဲ့ကြောင်း၊ မိမိတို့ကတရားလိုအပါအဝင်ပဲအိတ်များ၊ ငွေရရန်ရှိသူများကိုပေးဆပ်လို၍ မိမိတို့နေထိုင်သည့်နေအိမ်နှင့်ခြံမြေကိုရောင်းချပြီးခွဲဝေပေးရန် ပေးရမည့်သူများစာရင်းကိုဟသ်ာတကုန်စည်ဒိုင်သို့စာရင်းတင်ပြခဲ့ကြောင်း၊ ကုန်စည်ဒိုင်မှရှင်းပေးရာတွင် တရားလိုမှလက်မခံ၍ ငွေမရခြင်းသာဖြစ်ကြောင်း၊ မိမိတို့အားတရားလိုပေးချေထားသည့်မတ်ပဲအိတ်(၁၀၅၀)အိတ်အားတစ်တင်းလျှင် ၄၀၅၀၀ိ/-နှုန်းဖြင့်တွက်ချက်၍တောင်းခံသည့်အကြောင်းကြားစာကို ၄၀၅၀၀ိ/-ဖြင့်ဈေးဖြတ်ခဲ့ခြင်းမရှိ၍မပေးနိုင်ကြောင်း အကြောင်းပြန်ကြားခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားလိုအပါအဝင်ပေးချေရန်ရှိသူများကိုအိမ်ရောင်းရငွေမှပေးဆပ်ရန် ၃၀% ပေးသော်လည်းအခြားသူများလက်ခံ၍ရသွားကြပြီး၊ တရားလိုမှလက်မခံသောကြောင့်ငွေမရခြင်းသာဖြစ်ကြောင်း၊ တရားလိုမှမတ်ပဲ(ပင်ထောင်)အားကြိုတင်ဝယ်ယူငွေပေးစဉ်ကပင်ဆုံးရှုံးမှုရှိလျှင် တရားလိုဘက်တွင်တာဝန်ရှိကြောင်းပြောကြားပြီးဖြစ်ကြောင်း၊ ၎င်းတို့အားကုန်ပစ္စည်းမအပ်နိုင်ပါက၎င်းတို့ပေးချေထားသည့်ဝယ်ဈေးဖြင့် ဝယ်ယူထားသည့်ငွေပမာဏအတိုင်းပြန်ပေးသည့်အလေ့အထသာရှိပါကြောင်း၊ ပွဲရုံထုံးစံအတိုင်းသိရှိပြီးမှ အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ကြောင်း ထွက်ဆိုတင်ပြသည်။ တရားပြိုင်ဒေါ်ခိုင်ခိုင်ဝင်းမှ တရားပြိုင်ဦးမောင်မောင်မြင့်ထွက်ချက်အားထောက်ခံထွက်ဆို၍(၄-၁၁-၂၀၁၄) ခုနှစ်နေ့တွင်မတ်ပဲအိတ်(၅၀၀)အတွက်တစ်တင်းလျှင် ၁၉၅၀၀ိ/-နှုန်းဖြင့်ပြေစာအားသက်သေခံ(၁)အရလည်းကောင်း၊ (၂၆-၁၁-၂၀၁၄)ရက်နေ့တွင်မတ်ပဲအိတ်(၃၀၀)အတွက်တစ်တင်းလျှင် ၂၀၀၀၀ိ/-နှုန်းဖြင့် ၉၀၀၀၀၀၀ိ/-ကိုဝယ်သည့်ပြေစာအားသက်သေခံ(၂)အရလည်းကောင်း၊ (၅-၁-၂၀၁၅)ရက်နေ့တွင်မတ်ပဲ(၂၅၀)အိတ်အတွက်တစ်တင်းလျှင် ၂၃၀၀၀ိ/-ဖြင့် ၁၆၂၅၀၀၀ိ/-ပေးသည့်ပြေစာကိုသက်သေခံ(၃)အရလည်းကောင်း တင်သွင်းထွက်ဆိုသည်။

ပြိုင်ပြဦးလွင်မျိုးကျော်မှာ တရားပြိုင်ဦးမောင်မောင်မြင့်ပွဲရုံတွင်(၁၅)နှစ်ခန့်ပွဲရုံစာရေးအဖြစ်လုပ်ကိုင်ခဲ့ကြောင်း တရားလိုမှာတရားပြိုင်များပွဲရုံတွင် မတ်ပဲ(ပင်ထောင်)အားကြိုပွိုင့်ဖြင့်အရောင်းအဝယ်လုပ်သည်ကိုသိရှိကြောင်း၊ ကြိုပွိုင့်ဆိုသည်မှာမတ်ပဲမပေါ်သေးခင်သာမာန်ပေါက်ဈေးထက်လျှော့ပြီးဝယ်ယူခြင်းဖြစ်

မိတ္တူမှန်

14.6.19
( ထက်ထက်ပိုးဦး )
အခွင့်ရအရာရှိ
ဟသ်ာတခရိုင်တရားရုံး

စေးကူးသူ
အကြီးတန်းစာရေး
ဟသ်ာတခရိုင်တရားရုံး

ကြောင်း ပွဲရုံတွင်ပင်ထောင်ပဲလက်ခံအရောင်းအဝယ်လုပ်ထားခြင်းဖြစ်၍ပွဲရုံမှလည်းကြိုတင်ရောင်းထားသည့် အရည်အတွက်အတိုင်း တောမှပွဲစားများ၊ နယ်ပွဲရုံများ၊ တောင်သူများထံတွင်ကြိုတင်ငွေပေး၍ ပြန်လည်ဝယ်ယူရခြင်းဖြစ်ကြောင်း၊ ပဲပေါ်ချိန်(၃)လပိုင်းတွင်ပွဲရုံမှပြန်လည်ပြီး ဝယ်ယူသူထံပဲအပ်ပေးရကြောင်း၊ မတ်ပဲအိတ်(၁၀၅၀)အိတ် ကိုစိန်ဝင်းဝယ်ယူထားသည်ကိုသိရှိကြောင်း၊ ၄-၁၁-၂၀၁၄ နေ့တွင်မတ်ပဲအိတ် ၅၀၀ ကိုတစ်တင်းလျှင် ၁၉၅၀၀ိ/-ဖြင့်လည်းကောင်း၊ ၂၆-၁၁-၂၀၁၄ တွင်မတ်ပဲအိတ်(၃၀၀)ကိုတစ်တင်းလျှင် ၂၀၀၀၀ိ/-နှုန်းဖြင့်လည်းကောင်း၊ ၅-၁-၂၀၁၅ တွင်မတ်ပဲအိတ် ၂၅၀ ကိုတစ်တင်းလျှင် ၂၃၀၀၀ိ/-နှုန်းဖြင့်လည်းကောင်း ဝယ်ယူထားသည်ကိုသိရှိကြောင်း၊ တရားလိုဝယ်ယူစဉ်ကမတ်ပဲပွဲရုံခွဲမရှိသေးကြောင်း တရားပြိုင်များကနယ်များတွင် တောင်သူများထံကြိုတင်ငွေပေး၍ပြန်လည်ဝယ်ယူရကြောင်း၊ ပဲပေါ်သည့်ရာသီတွင် တောင်သူများ၊ နယ်ပွဲစားများမှမပေးနိုင်သည့်အတွက် တရားပြိုင်များမှတရားလိုအားမတ်ပဲပေးအပ်နိုင်ခြင်းမရှိသည်ကိုသိရှိကြောင်း၊ တရားလိုတောင်းခံသည့်ဈေးနှုန်းကိုလည်း တရားပြိုင်များကသတ်မှတ်ပေးခြင်းမရှိသည်ကိုသိရှိကြောင်း၊ တရားပြိုင်များကမတ်ပဲမပေးနိုင်သူများစာရင်းကိုဟသ်္သာတကုန်စည်ဒိုင်သို့တင်ပြခဲ့ရာဦးစိန်ဝင်းအားမတ်ပဲအိတ်(၁၀၅၀)အိတ်ပေးရန်ရှိသည်ကိုတင်ပြသည်ကိုသိရှိကြောင်းထွက်ဆိုတင်ပြသည်။

ပြိုင်ပြသက်သေဦးမျိုးသန်းဌေးမှ ကြံခင်းမြို့တွင်အောင်သပြေအမည်ဖြင့်ပွဲရုံဖွင့်ကြောင်း တရားပြိုင်ကိုမောင်မောင်မြင့်တို့နှင့်ပွဲရုံချင်းချိတ်ဆက်လုပ်ကိုင်ခဲ့ရာ ၂၀၁၄၊၂၀၁၅ ပဲရာသီ၌တောင်သူများထံမှပဲမရ၍ တရားပြိုင်များအရောင်းအဝယ်ပျက်ဆီးခဲ့သည်ကိုသိရှိကြောင်း၊ မိမိကိုယ်တိုင်တရားပြိုင်များပွဲရုံသို့မတ်ပဲအိတ် ၁၃၀၀ ပေးရန်ရှိခဲ့ကြောင်း၊ တောင်သူများထံမှမတ်ပဲမရ၍မပေးနိုင်ခဲ့ကြောင်း၊ တရားလိုနှင့်အခြားသူများကို တရားပြိုင်များကမတ်ပဲပေးရန်ရှိသည်ကိုသိသော်လည်း ပဲအရေအတွက်မသိရှိကြောင်းထွက်ဆိုသည်။

ပြိုင်ပြသက်သေဦးသန်းဦးမှ မြန်အောင်မြို့နယ်တွင်ပွဲရုံလုပ်ကိုင်သူဖြစ်၍တရားပြိုင်များနှင့်ပွဲရုံချင်းအချိတ်အဆက်ရှိကြောင်း၊ တရားပြိုင်များပွဲရုံအတွက်မိမိမှတောင်သူများထံမှ မတ်ပဲများဝယ်ပေးခဲ့ရကြောင်း ၂၀၁၅ ခုနှစ်(၃)လပိုင်းထွက်မည့်ပဲအတွက်ကြိုတင်ငွေပေးချေ၍တောင်သူများထံမှတစ်တင်းလျှင် ၁၈၀၀၀ိ/-နှုန်းဖြင့်ဝယ်ယူပေးရကြောင်း၊ ထိုနှစ်ကရာသီဥတုဖေါက်ပြန်၍တောင်သူများထံမှမတ်ပဲမရသဖြင့်ပွဲရုံများအနေဖြင့်ကြိုတင်ဝယ်ယူသူများထံမတ်ပဲမပေးနိုင်ခြင်းဖြစ်ကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့ပဲအရောင်းအဝယ်ကိစ္စကိုမသိကြောင်းထွက်ဆိုသည်။

ပြိုင်ပြသက်သေဦးတင်လတ်မှာ တရားပြိုင်များပွဲရုံတွင်ပွဲရုံလုပ်သားဖြစ်၍တရားလိုနှင့်တရားပြိုင်တို့ပွဲရုံတွင်ပဲအရောင်းအဝ်ယပြုလုပ်သည်ကိုသိရှိကြောင်း၊ ပွဲရုံတွင်မတ်ပဲမရှိ၍ပစ္စည်းတင်ပေးရခြင်းမရှိကြောင်း၊ ကြိုတင်ရောင်းချခြင်းဖြစ်၍ မတ်ပဲပေါ်သည့်ရာသီတွင်မှ မတ်ပဲအားပေးသည့်စနစ်ဖြစ်သည်ကိုသိရှိကြောင်း တရားပြိုင်များမတ်ပဲအရောင်းအဝယ်လုပ်သည့်စာရင်းအားပြုလုပ်ထားသည်ကိုသိရှိကြောင်း၊ တရားလိုနှင့်အရောင်းအဝယ်လုပ်သည့်အရေအတွက်ကိုတော့မသိကြောင်း ထွက်ဆိုသည်။

ပြိုင်ပြသက်သေဒေါ်သန်းသန်းစိုးမှာ ဟသ်္သာတမြို့၊ ဓမ္မိရွာတွင်နေထိုင်၍တောင်သူဖြစ်ကြောင်း၊ တရားပြိုင်တို့မှာပွဲရုံလုပ်ကိုင်၍ ၂၀၁၄ မတိုင်ခင်ကပွဲရုံတွင်ပဲအရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်ကတရားပြိုင်များဝယ်ယူသည့်မတ်ပဲအိတ်(၂၀၀)အားရာသီဥတုဖေါက်ပြန်၍ပဲမအပ်နိုင်ခဲ့ကြောင်း၊ ယခုအချိန်ထိမတ်ပဲအပ်နိုင်ခြင်းမရှိသေးကြောင်းထွက်ဆိုတင်ပြသည်။

အထက်ပါအတိုင်းတရားလို၊တရားပြိုင်များ။ နှစ်ဖက်သက်သေများထွက်ဆိုချက်အရ တရားလိုမှာတရားပြိုင်များ၏ပွဲရုံတွင်မတ်ပဲ(ပင်ထောင်)အားကြိုပွိုင့်ဖြင့်ဝယ်ယူခဲ့ကြောင်းအငြင်းမထွက်ပေ။ မတ်ပဲ(ပင်ထောင်)အားကြိုပွိုင့်ဖြင့်ဝယ်ယူရာတွင် မတ်ပဲအားအရောင်းအဝယ်ပြုလုပ်ရာတွင် မတ်ပဲပေးအပ်ရခြင်းမရှိသေးဘဲ စိုက်ပျိုးဆဲမတ်ပဲ(၃)လပိုင်းပေါ်မည့်မတ်ပဲအားကြိုတင်ဈေးဖြတ်၍အရောင်းအဝယ်လုပ်ခြင်းဖြစ်ကြောင်း၊ တရားလိုမှတရားပြိုင်များပွဲရုံတွင်မတ်ပဲအိတ်(၁၀၅၀)အိတ်အားကြိုတင်ဝယ်ယူငွေပေးချေခဲ့ကြောင်း၊ မတ်ပဲအိတ်(၅၀၀)အိတ်အားတစ်တင်းလျှင် ၁၉၅၀၀ိ/-နှုန်းဖြင့် ၁၄၅၆၄၀၆၅၂/အားလည်းကောင်း၊

တာဝန်ခံမိတ္တူမှန်

14.6.19

(ထက်ထက်ဗိုးဦး)
အခွင့်ရအရာရှိ
ဟသ်္သာတခရိုင်တရားရုံး

ရေးကူးသူ

အကြီးတန်းစာရေး
ဟသ်္သာတခရိုင်တရားရုံး

(တင်ကြည် [illegible])
[illegible]
ဟသ်္သာတခရိုင်တရားရုံး

မတ်ပဲအိတ်(၃၀၀) ကိုတစ်တင်းလျှင်(၂၀၀၀ဝိ/-)ကျပ်ဈေးဖြင့် (၉၀၀၀၀၀ဝိ/-)လည်းကောင်း၊ မတ်ပဲ(၂၅၀)အိတ်အားတစ်တင်းလျှင်(၂၃၀၀ဝိ/-)ဖြင့် (၈၆၂၅၀၀ဝိ/-)ကိုလည်းကောင်းကြိုတင်ငွေပေးဝယ်ယူခဲ့ကြောင်း သက်သေခံ(က)မှ(က-၂)အထိလည်းကောင်း တရားလိုမှတင်သွင်းချက်အရတွေ့မြင်ရကြောင်း၊ မတ်ပဲများအား(၃)လပိုင်းပေးရန်သဘောတူထားပြီး မတ်ပဲအိတ်များကိုတရားပြိုင်များကမပေးနိုင်၍ ပေါက်ဈေးတစ်တင်းလျှင် ၄၀၅၀ဝိ/-နှုန်းဖြင့်မတ်ပဲ(၁၀၅၀)အိတ်ဘိုးအတွက်တန်ဘိုးငွေ ၆၃၆၆၀၉၃၇/-ရရန်ရှိကြောင်း တရားလိုမှတောင်းဆိုရာတရားပြိုင်များမှရာသီဥတုဖေါက်ပြန်မှုကြောင့် မိမိတိုဝယ်ယူထားသောတောင်သူများ၊ နယ်ပွဲစာများထံမှမတ်ပဲမရ၍ အရောင်းအဝယ်ပျက်ပြားခဲ့ကြောင်း၊ ပွဲရုံထုံးစံအရ တရားလိုပေးချေထားသောငွေအတိုင်းသာပြန်ရမည်ဖြစ်ကြောင်း၊ တရားပြိုင်များမှတရားလိုထံပေးရန်ရှိသည့် မတ်ပဲအိတ်(၁၀၅၀)အိတ်အတွက် တစ်တင်းလျှင်(၄၀၅၀ဝိ/-)နှုန်းဖြင့်ဈေးဖြတ်ပေးခြင်းမျိုးမရှိပါကြောင်း တရားလိုအားပေးရန်ရှိသလို၊ အခြားသူများအားပေးရန်ရှိသည့်အတွက် ဟင်္သာတကုန်စည်ဒိုင်သို့ တရားပြိုင်များနေအိမ်ခြံမြေရောင်းရငွေအားအပ်၍ ခွဲပေးရန်ကိုတရားလိုမှသဘောမတူ၍မပေးရခြင်းသာဖြစ်ပါကြောင်းတင်ပြခဲ့ရာ နှစ်ဖက်တင်ပြချက်များအရ တရားပြိုင်တို့မှတရားလိုအားမတ်ပဲအိတ်(၁၀၅၀)အိတ်ပေးရန်ရှိကြောင်းထင်ရှားပေါ်ပေါက်သည်။ တရားလိုမှမတ်ပဲ(၁၀၅၀)အိတ်တန်ဘိုးသင့်ငွေတစ်တင်းလျှင် ၄၀၅၀ဝိ/-နှုန်းဖြင့်ဈေးဖြတ်၍ပေးရန်သဘောတူခဲ့ကြောင်း၊ တရားပြိုင်များမှထိုသို့ ၄၀၅၀ဝိ/-ဈေးဖြတ်ခဲ့ခြင်းမရှိကြောင်း၊ တရားလိုထံပေးရန်ရှိသည့်အချိန်ကရာသီဥတုဖေါက်ပြန်၍မတ်ပဲရောင်းမှားဝယ်မှားဖြစ်ကြသည်ဆိုသည်မှာလည်းလက်ခံနိုင်သည့်အချက်ပင်ဖြစ်ကြောင်း၊ တရားလိုမှတရားပြိုင်ထံသို့မတ်ပဲအိတ်(၁၀၅၀)အိတ်ပေးရန်ရှိကြောင်း ဟင်္သာတကုန်စည်ဒိုင်သို့တင်ပြသည့်စာရင်းအရလည်း ပေါ်ပေါက်သည်ကိုတွေ့ရကြောင်း၊ သို့ဖြစ်ရာတရားပြိုင်များမှတရားလိုအား မတ်ပဲအိတ်(၁၀၅၀)အိတ်ပေးရန်ရှိကြောင်းထင်ရှားပေါ်ပေါက်၍တန်ဘိုးအနေဖြင့် တရားလိုတောင်းဆိုသည့်အတိုင်း မတ်ပဲတစ်တင်းလျှင် ၄၀၅၀ဝိ/-နှုန်းဖြင့်ပေးဆပ်ရန်မှာ တရားပြိုင်များအတွက်ပေးဆပ်ရန်တာဝန်မရှိကြောင်း၊ တရားလိုပေးချေထားသည့်အတိုင်းပေးဆပ်ရန်သာတာဝန်ရှိကြောင်းတင်ပြချက်အပေါ် စဉ်းစားသုံးသပ်ရာတွင် တရားပြိုင်များမှမတ်ပဲရောင်းမှားဝယ်မှားဖြစ်၍နစ်နာကြောင်း၊ တစ်ဖက်မှတောင်သူများ၊ နယ်ပွဲစားများထံမှကြိုတင်ငွေပေးချေပြီး မတ်ပဲမရရှိသည့်အတွက် တရားလိုအားပေးဆပ်နိုင်ခြင်းမရှိကြောင်းတွေ့ရသည်။ သို့သော်တရားလိုထံမှ မတ်ပဲအိတ်(၁၀၅၀)အိတ်ဘိုးငွေ ၃၂၁၈၉၀၆၅၂/- တရားပြိုင်များကရယူခဲ့ကြောင်းထင်ရှားပေါ်ပေါက်သည့်အတွက် တရားလိုပေးချေထားသည့်ငွေအတိုင်းပြန်လည်ပေးဆပ်ရန်တာဝန်ရှိသည်ဟု သုံးသပ်ရရှိပေသည်။

သို့ဖြစ်၍ အထက်ပါနှစ်ဖက်သက်သေခံချက်များအရ တရားလိုသည်တရားပြိုင်များ၏ပွဲရုံတွင် မတ်ပဲအိတ်(၁၀၅၀)အိတ်ဝယ်ယူခဲ့ကြောင်း ဝယ်ယူခဲ့သည့်မတ်ပဲအိတ်များမှာငွေကြိုပေး၍မတ်ပဲထွက်သည့်အချိန်တွင် မတ်ပဲဘိုးငွေများပြန်လည်ထုတ်ယူသည့်စနစ်ဖြင့်ကြိုပွဲ့ဝယ်ယူခြင်းဖြစ်ကြောင်း၊ တရားလိုမှ မတ်ပဲအိတ်(၁၀၅၀)အိတ်အတွက်စုစုပေါင်း(၃၂၁၈၉၀၆၅၂/-)တရားပြိုင်များထံပေးအပ်ခဲ့ကြောင်း၊ တရားပြိုင်များမှမတ်ပဲအိတ်များကို ၃၀-၃-၂၀၁၅ ရက်နေ့တွင်ပဲအပ်ရန်ဟုဘောင်ချာရေးပြီး တရားလိုထံပေးအပ်ခဲ့ကြောင်း၊ တရားလိုမှတရားပြိုင်များနှင့်ပဲအရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း မတ်ပဲဘိုးငွေများကိုပြန်လည်ပေးအပ်နိုင်ခြင်းမရှိ၍ ၂၀၁၅ ခုနှစ်(၆)လပိုင်းတွင် နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရမတ်ပဲတစ်တင်းလျှင် ၄၀၅၀ဝိ/-နှုန်းဖြင့်ဈေးဖြတ်ခဲ့ကြောင်းတင်ပြရာ တရားပြိုင်များမှအဆိုပါနှုန်းဖြင့်သဘောတူဈေးဖြတ်ခဲ့ခြင်းမရှိပါကြောင်း၊ ပဲအရောင်းအဝယ်လုပ်ထားသည်မှာမှန်သော်လည်း တရားပြိုင်များမှကျေးရွာတောင်သူများထံမှပဲဝယ်ရန်ပြန်လည်ပေးအပ်ခဲ့ပြီး တောင်သူများထံမှရာသီဥတုအခြေအနေအရ ပဲမထွက်ခြင်း၊ ပဲအထွက်ဆိုးခြင်းကြောင့်မတ်ပဲများအရောင်းအဝယ်ပျက်ခဲ့ရကြောင်း၊ တရားလိုကဲ့သို့ပဲဘိုးပေးအပ်ထားသူများအား မိမိတို့နေအိမ်ခြံမြေကိုရောင်းချ၍ ရောင်းချရငွေအားကုန်စည်ဒိုင်သို့အပ်နှံပြီးခွဲဝေပေးရာ တရားလိုမှထိုကဲ့သို့မယူနိုင်ကြောင်းပြော၍ငွေမဆပ်နိုင်ခြင်းသာဖြစ်၍ ငွေပေးဆပ်ရန်တာဝန်မရှိပါကြောင်းတင်ပြခဲ့သည်။ သို့သော် တရားလို၊ တရားပြိုင်တို့မှာမတ်ပဲအိတ်(၁၀၅၀)အိတ်ဘိုးငွေ(၃၂၁၈၉၀၆၅၂/-)ပေး၍ တရားပြိုင်များမှလည်းလက်ခံခဲ့ကြောင်း သက်သေခံ(က)(က-၁)(က-၂)တို့အရထင်ရှားနေပေသည်။ ပဲအရောင်းအဝယ်

တာဝန်ခံမိတ္တူမှန်

(ထက်ထက်ပိုးဦး)
အခွင့်ရအရာရှိ
ဟင်္သာတခရိုင်တရားရုံး

စစ်ဆေးသူ

အကြီးတန်းစာရေး
ဟင်္သာတခရိုင်တရားရုံး

( တင် [illegible] )
[illegible]
ဟင်္သာတခရိုင်တရားရုံး

ပျက်ဆီးသွား၍တရားလို၏ပေးအပ်ထားသောငွေပြန်လည်မဆပ်နိုင်ခြင်းအားလက်ခံရန်အကြောင်းမရှိပေ။

ထို့ကြောင့် တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်ကြသော ဦးမောင်မောင်မြင့်၊ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှမတ်ပဲအိတ်(၁၀၅၀)အိတ်၏တန်ဖိုးသင့်ငွေ(၆၃၆၆၀၉၃၇/-)အားရရန်ရှိသည်မှာ မှန်သလားဆိုသောငြင်းချက်အား မမှန်ပါဟုပြောကြား၍ တရားလိုဦးစိန်ဝင်းသည် တရားပြိုင်များဖြစ်ကြသော ဦးမောင်မောင်မြင့်နှင့် ဒေါ်ခိုင်ခိုင်ဝင်းတို့ထံမှ မတ်ပဲ(၁၀၅၀)အိတ်၏တန်ဖိုးသင့်ငွေ( ၃၂၁၈၉၀၆၅/-)ကိုရရန်ရှိသည်မှာ မှန်သလားဆိုသောငြင်းချက်အား မှန်ကြောင်းဖြေကြားလိုက်သည်။

အထက်ပါငြင်းချက်အားဖြေကြားပြီးဖြစ်၍ ငြင်းချက်အမှတ်(၂)ဖြစ်သည့် တရားလိုသည် တရားပြိုင်များထံမှ မတ်ပဲအိတ်(၁၀၅၀)အိတ်တန်ဖိုးငွေ(၃၂၁၈၉၀၆၅/-)ရထိုက်ကြောင်း အနိုင်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ၁၀၀၀၀/- သတ်မှတ်သည်။

( တင်ကြွ[illegible] )
ဒုတိယ[illegible]ရားသူကြီး
ဟသာတခရိုင်တရားရုံး

တာဝန်ခံမိတ္တူမှန်

14. 6. 19
( [illegible]တ်ထက်ပိုးဦး )
[illegible]အရာရှိ
ဟသာတခရိုင်တရားရုံး

ရေးကူးသူ

အကြီးတန်းစာရေး
ဟသာတခရိုင်တရားရုံး